# မြန်မာနိုင်ငံ  တံဆိပ်ခေါင်းအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

# မြန်မာနိုင်ငံ တံဆိပ်ခေါင်းအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

(၂၀၁၁ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂။)

၁၃၇၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၂ ရက်

(၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို မြန်မာနိုင်ငံ တံဆိပ်ခေါင်းအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေတွင် ပါရှိသော "President of the Republic of the Union of Myanmar may"ဆိုသည့် စကားရပ်ကို "Ministry of Finance and Revenue of the Union Government may with the approval of the Union Government"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃။ မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (၉) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(9) Collector includes any Revenue Officer and any officer delegated by the Director General of the Internal Revenue Department;"

၄။ မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေပုဒ်မ ၉ တွင် -

(က) ပုဒ်မခွဲ (က) ၏နောက်၌ ပုဒ်မခွဲ (ခ) ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(b) amend or *enhance* all or any of the amounts or values, description of instruments and proper stamp duties mentioned in this Act including Schedule 1 annexed thereto, and"

(ခ) ပုဒ်မခွဲ (ခ) ကို ပုဒ်မခွဲ (ဂ) အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။

၅။ မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေပုဒ်မ ၂၀ ကို အောက်ပါအတိုင်း အစားထိုးရမည် -

***"Duty for any money expresse'd in foreign currencies"***

"20. Where an instrument is chargeable with *ad valorem* duty in respect of any money expressed in any currency other than that of the Republic of the Union of Myanmar, such duty shall be payable in that foreign currency at the rate of one per centum on such amount or value instead of any proper stamp duty mentioned in schedule 1 annexed in this Act."

၆။ မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေပုဒ်မ ၄၉ တွင် ပါရှိသော "by the President of the Republic of the Union of Myanmar" ဆိုသည့် စကားရပ်ကို "by the Ministry of Finance and Revenue of the Union Government, with the approval of the Union Government" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၇။ မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေပုဒ်မ ၇၀၊ ပုဒ်မခွဲ (၁) ကို အောက်ပါအတိုင်း အစားထိုးရမည်-

***"Institution and conduct of prosecutions."***

"70. (1) No Prosecution in respect of any offence punishable under this Act shall be instituted without the prior sanction of the Ministry of Finance and Revenue of the Union Government."

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နေပြည်တော်၊ ၁၃၇၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၂ ရက်
(၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်)